mgyoe.com

SAMPLE BOOK

ဝိုင်းဝင်းမြင့်

# Good Night



mgyoe.com

mgyoe.com SAMPLE BOOK



ကောင်းသောညပါဆိုပြီး နေ့တစ်နေ့ကို နှုတ်ဆက်ခဲ့ပေမယ့် တစ်ညလုံး ဆက်သွားခဲ့ရပြီး နောက်တစ်ရက် ရောက်ခဲ့လို့ ညမဆုံးနိုင်အောင် ဖြစ်ရတယ်။ လဟာ မိုက်လည်းလှ ပြည့်လည်းလှ။ သူမ မျက်ခုံးလေးလိုလည်းလှ ချစ်မေတ္တာ အပြည့်နဲ့ လေ့တစ်စင်းလိုလည်း လွင့်နေအောင် တရွေ့ရွေ့ လှလို့ လမျက်နှာ ပုံရိပ်ထင် ယုန်ပုံပြင် ကျွန်တော်ရေးခဲ့တယ်။

SWM - Good Night
9,000 MMK

1 823891 986401

mgyoe.com

mgyoe.com SAMPLE BOOK

# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | ကျော်မွေးစာအုပ်တိုက်<br>ဦးစိုင်းဝင်းမြင့်၊ အမှတ် ( ၁၁/က ) ( ၄လွှာ )<br>စက်တွင်းလမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။<br>ဖုန်း - ၀၉ ၅၀၅ ၇၇၉၁ ၊ ၀၉ ၄၄၃ ၀၈၆ ၅၅၄ |
| မျက်နှာဖုံးနှင့်<br>အတွင်းပုံနှိပ် | ပုံရိပ်ရှင်<br>အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ။ |
| မျက်နှာဖုံး | ခက်ရာ |
| ပုံနှိပ်ခြင်း | နိုဝင်ဘာလ၊ ၂၀၂၅၊ ပထမအကြိမ် |
| အုပ်ရေ | ၅၀၀ |
| တန်ဖိုး | ၉၀၀၀ ကျပ် |
| ကွန်ပျူတာစာစီ | အန်နီလာ |
| စာအုပ်ချုပ် | ဖူးပွင့်မွေး |
| ဖြန့်ချိရေး | ကျော်မွေး<br>၀၉ ၅၀၅ ၇၇၉၁ |

mgyoe.com

mgyoe.com SAMPLE BOOK

# Good Night မှ Good Morning သို့

(၁)

**"အမှာစာ မလိုတဲ့ စာအုပ်"**

အမှာစာများနှင့် စာအုပ်များကို ဖတ်ခဲ့ဖူးပြီး အမှာစာမလိုတဲ့ စာအုပ်များလို့ ခံစားလာရတဲ့ စာအုပ်တွေ ကျနော့်စိတ်မှာ တွေ့လာခဲ့ပါတယ်။ ဥပမာ Michelle Yeoh ပါဝင်တဲ့ Everything Everywhere All At Once ရုပ်ရှင်ကို ကဗျာတပုဒ်ဟု ကျနော် ခံစားရပြီး ထိုကဗျာ၊ ထိုအနုပညာမှာ အမှာစာမလို ပြည့်စုံနေတယ်လို့ ကျနော် ရရှိသွားလို့ပါပဲ။
ဒါကို သွားမထိနဲ့လို့ သတိပေးချက် အသံတခုကိုပါ ကြားရတဲ့အထိပါပဲ။

(၂)

**"အမှာစာ မလိုတဲ့ စိုင်းဝင်းမြင့် ၏ Good Night"**

စိုင်းဝင်းမြင့်က သူဖြတ်သန်းခံစားရတဲ့ ကဗျာများ၊ သီချင်းများ၊ အနုပညာများ ကို "Good Night" ခေါင်းစဉ်နှင့် စာအုပ်တအုပ် ရေးပြီး ကျနော့်ကို အမှာတောင်းတော့ စာအုပ်ကို ဖတ်ပြီးတဲ့အခါ အမှာစာမလိုတဲ့ သူ၏ "Good Night" များကို သူ့အပွင့်၊ သူ့အရွက်၊ သူ့ရနံ့၊ သူ့ဆေးရောင်များ၊ သူ့ကြယ်များအတိုင်း ခံစားကြတာ အကောင်းဆုံးဖြစ်မယ်လို့ အမှာစာမဟုတ်တဲ့ ဒီစာကို ကျနော်ရေးလိုက်ရပါတယ်။

**P.S**

စိုင်းဝင်းမြင့်၏ Good Night ဖတ်ပြီး Good Morning ကို ကျနော် ရောက်သွားခဲ့ကြောင်းပါ။

သုခမိန်လှိုင်

၂၅ စက်တဘ်ာ ၂၅

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# Good Night

လူတစ်ယောက်မှာ မတော်တဆ စိတ်ထိခိုက်မိသွားတာ ရှိသွားတတ်၊ သူ့အလိုလို ထိရှလွယ်တတ်၊ တစ်ယောက်တည်းလည်း စကားတွေ ပြောတတ်၊ အကြောင်းတိုက်ဆိုင်လာရင် စာကဗျာ ကိုးကားတတ်၊ ကျမ်းစာနဲ့လည်း ဘာမှမဖြစ်သလို နေတတ်၊ ပါးစပ်ထဲ ဖြတ်ဝင်လာတတ်တဲ့ သီချင်းကိုလည်း ကောက်ကာငင်ကာ ဆိုတတ်၊ စာသားအမှန်ဟာ ဝေလငါးတွေရဲ့ အသံလှိုင်းမှာ ဘာမှ မတတ်နိုင်ပါဘူး ဘုရားရှိခိုးတွေမေ့လည်း စိတ်ထဲရှိတာ ရွတ်မယ်။ ဘုရားရှင်နားလည်မှာပါ ဘုရားကြီးတစ်ခေါက် စိုင်းထီးဆိုင် ရောက်သလို လူ့အဖြစ်မှာ အဖြစ်အပျက်က အဖြစ်အပျက်။ အဖြစ်အပျက် နောက်တစ်ရက်မှာ ဇာတ်ကြောင်းပြန်ပြောသူက ဇာတ်ကြောင်းပြန်ပြောသူပဲ။ ဇာတ်ကောင်တွေဆိုလည်း ပြီးခဲ့တဲ့ဇာတ်လမ်းထဲ အခုမှ ဘာဖြစ်ချင်ရတာလဲလို့ ဆိုရလောက်အောင် ဘဝတွေခြားနားလို့။ ဒီနေ့ကို ဒီနေ့လို့ပဲ ကိုယ့်မှာ အမြဲဖြေတွေးရတယ် ဒီနေ့ဟာ ပြီးခဲ့တဲ့မနက်ဖြန် ပြန်မရောက် မနေ့ကသွေးကို ဖောက်ထုတ်ပစ်ရအောင်လည်း ကိုယ်မွေးခဲ့တဲ့ပိုးက ကိုယ့်ကို နေ့စဉ်စားသုံးခဲ့ပြီးပြီမို့ လူဟာ အချိန်ကာလအပိုင်းအခြားတွေထဲမှာ တခုခုကို သတိရနေတတ် အဖေ သူငယ်ချင်း ချစ်သူ လောင်းကစား လမ်း၌တွေ့ရသော သစ်ပင်ရုပ်ရှင် ဘာတစ်ခုမှ အမှတ်မရတော့သလို လေဟာနယ်။ ကျေးဇူးတင်ပါတယ်။ ဗလာမဲ့ အချိန်ကာလ အပိုင်းအခြားမဲ့မှာလည်း ကျွန်တော့်မှာ မကြာခဏ အမှတ်ရရနေတတ်တဲ့ ကဗျာစာသားတစ်ခု ရှိခဲ့ပါတယ် ကဗျာရေးသူ မိုးဝေးရဲ့ ...

mgyoe.com

mgyoe.com SAMPLE BOOK

"အတူနေဖို့ မျှော်လင့်ရင်း
ကြီးပြင်းခဲ့ကြပြန်တော့
သီးခြားဖြစ်ရပြန်ပြီ ပစ္စုပ္ပန် ။" တဲ့ ။

၂၉ ၁၁ ၂၀၂၃

mgyoe.com

mgyoe.com
SAMPLE BOOK


# Good Night

သူစိမ်းမြေဟာ လှပလွင့်မျောတတ်ပေမယ့် မွေးရပ်မြေကတော့ ဘယ်တော့မဆို လွမ်းမောဖွယ်၊ ယုန်ရုပ်လေးတွေ နတ်သမီးရုပ်လေးတွေ ရေသူမရုပ်လေးတွေနဲ့ ပျော်မွေ့သူတွေ ရှိနေသေးတော့ ဒီကမ္ဘာလောကထဲ ဂျုံရုပ်လေးတွေ ရှိနေသေး၊ ဂျုံရုပ်လုပ်သူတွေလည်း ရှိနေသေးတယ်။ စိတ်ကူးနဲ့ ရှူးသူဟာ သံလက်နဲ့ပေးခဲ့ပေမယ့် သံပန်း မဟုတ်ဘူး၊ သဘာဝတရားရဲ့ အသည်းထဲက ပွင့်လာတဲ့ တစ်ပွင့်တည်း နီနီရဲရဲ နှင်းဆီပန်းပဲ။ နေဟာ မနက်ခင်းမြူနှင်းထဲ မထွင်းဖောက်နိုင်သေးလည်း နေ့ဟာနှင်းရည်စက်လက် မြက်ရိုင်းများကို ဖြတ်ပြီးရောက်လာ သဘာဝတရားဟာ ကဗျာ၊ ကဗျာမှာ "ငါ့စကားတွေ ငေါထွက်နေရင် ခွင့်လွှတ်ပါ မင်းတို့ပုံစံတွေ မဟုတ်ဘူး ထင်လို့"ဆိုပြီး ကိုယ့်လူများနဲ့ စကားဆိုလာ၊ ကိုယ်တို့ဟာ စစ်ချီလာတာပဲ။ စစ်ပွဲတစ်ရာနွဲလိုက်ချင်ရဲ့ အချစ်တစ်ပွဲတော့ မနွဲချင်တော့ဘူးကွယ်လို့လည်း တွံတေးခဲ့တာပဲ၊ "တဝဲလည်လည်မှာ လူသစ်စိတ်သစ်ပါဗျာ ချီလိုက်ပုံကတော့ အိမ်ကခွေးအတိုင်းပဲတဲ့" "အမိအရ ချီလာပါရဲ့ အရိုးတွေဖြစ်နေရင် ရယ်ချင်တယ်"လို့ တွေ့ရပြန်တော့ အရပ်စကား ခွေးချီသွားတာတောင်မှတ်မိတယ်ဆိုတဲ့ ရေထဲက လရိပ်ကို သတိရ ၊ ဘဝတစ်ခုမှာ သံတိုင်ကြားက လ, ကို ခေါ်ယူပြခဲ့တာလည်း ကြေကွဲစရာ ၊ လဟာ အခြားကမ္ဘာမှာ ပိုသာ ပိုလှသလိုပါပဲ။ လူဟာ ကိုယ့်ကိုယ်ကိုယ် တစ်ကိုးကင်း အဆင်နဲ့ အထင်ရောက်လည်း လမျက်နှာ နောက်ခံနဲ့ ဖြတ်လျှောက်ပါပဲ။ ဒါပေမယ့် အရိုးတွေချီလာတာ

mgyoe.com

mgyoe.com SAMPLE BOOK

ခွေးတစ်ကောင်ဆိုရင်တော့ အောင်မြင် ပျော်ရွှင်မှုပါပဲ။ အလွမ်းအဆွေးမှာ တချက်လေးပဲ လှည့်ကြည့်တဲ့အခါ ဆောင်းဦးပေါက် ခွေးပေါက်စလေးတစ်ကောင်ဟာ သူ့သခင်ဆီပြေးဝင်သွားပြီး ဖုံထဲ လူးလိမ့် အူမြူးနေတာ လမ်းသွားလမ်းလာတွေ တွေ့သွားကြမှာပဲ ဆိုတာ ဟာသမဟုတ်တော့ပါဘူး။ ကိုယ်တို့ ကဗျာတွေဖတ်ခဲ့တယ် "သူ့ခမျာ စိတ်မကြည်သာလည်း ဆိတ်ကလီစာတောင် မစားနိုင်"၊ "တစ်ခြမ်းက စိတ်ကုဆရာဝန် တခြမ်းက စိတ်ရောဂါသည် တစ်ကိုယ်တည်း နှစ်ခြမ်းမှာ တခြမ်းက ဟဲ့အရူး ဘာအဓိပ္ပာယ်မှမရှိဘူး ထပွက်တယ်။ ဒါဟာ ဆောင်းဥတု တစ်စွန်းတစ်စဘဝဖြစ်စဉ် ပြာလဲ့လဲ့ သံဝေဂမနက်ခင်းမှာ သိမ်ငယ်သူ ဖရန့်ကာဖကာကောင်းမှုပါပဲ။ ဒီလမ်းမှာ ကိုယ်တစ်ယောက်တည်း မဟုတ်ဘူးလို့ သင်လည်း စကားဆိုရမှာပါပဲ ။
သူ့ ကဗျာတစ်ပုဒ်က ...

"နည်းနည်းပဲ သိလို့
ဘဝဟာ
နေပျော်လာခဲ့တယ်"

လို့ ပြောပါတယ်။ ဒါပေမယ့် ခေတ်ပေါ်အသံနဲ့ များများပျော်မိလို့ မောင်း-ပြန် ရှေ့ဆက်ခဲ့ရသူ ကျွန်တော်တို့မှာ အခုလို အရသာမဲ့မဲ့ နေ့ရက်တွေထဲ ညစ်ညစ်နဲ့ နေရတဲ့အခါ ကိုယ်အရသာတွေ့ခဲ့ဖူးတဲ့ ကဗျာတွေ စားမြုံ့ပြန်ရတာ ညအိပ်ယာဝင်ပုံပြင်တစ်ပုဒ်ပမာ လွမ်းမောဖွယ် ကောင်းပါတယ်။ ဘဝဟာ စကားပြေဆန်ပါတယ်။ ကျွန်တော် ငယ်ငယ်က ဖတ်ခဲ့ဖူးတဲ့ ကဗျာဆရာစျာန်ရ ကိုထွန်းဝေမြင့် ကဗျာတွေပါ။

၃၀ နိုဝင်ဘာ၂၀၂၃

mgyoe.com

mgyoe.com
SAMPLE BOOK


## Good Night

တရွေ့ရွေ့ညနေ လက်တစ်ဖက်တည်းနဲ့ ပညာရှိနေတဲ့ ညနေခင်း ပင်လယ်မှာ ညနေ ၅ နာရီ ညနေလှလှ အဓိပ္ပာယ်လှလှ ဒီဇင်ဘာ ၂၅ ညနေ ၅နာရီ အိုညနေ ညနေ ညနေ ညနေခင်းတွေကို ကျွန်တော်တို့ ဖတ်ခဲ့ကြရတယ် ကျေးဇူးတင်ရတယ်။ ညနေဆိုတာ နေ့လည်းမကုန် သေး ညလည်းမရောက်သေး နေဝင်ချိန်လည်း လှနေတတ်သေးသလို ညတစ်ညရဲ့အစဟာ ဘဝတစ်ခုရဲ့ ညနေလည်း ဖြစ်နေတတ်ပြီး အိမ်ပြန် ချိန်လည်း ဖြစ်နေတတ်သေးသမို့ အဝေးရောက်တစ်နေ့မှာ အိမ်ပြန် ချင်တဲ့ အလွမ်း ကျွန်တော်တို့ ဖြစ်ရသေးတယ်။ ဆရာမောင်ချောနွယ်ရဲ့ မျှော်လင့်ခြင်း ထမင်းသိုးထဲမှာတော့ ညနေခင်းတွေဟာ ကမ္ဘာမြေ ပေါ်က မြို့ရွာတွေအပေါ် ဘယ်လိုများ ကျရောက်ခဲ့ပါသလဲတဲ့၊ ဒီမှာ တော့ ညနေခင်းဟာ အထိအခိုက် အကျအရှုံးများစွာနဲ့ သူဆင်းရဲသား ဖြစ်ခဲ့ရှာရဲ့ဆိုပြီး ...

**ဒီလိုနဲ့**
**မျှော်လင့်ခြင်းဟာ**
**ထမင်းအသိုးများသာ ဖြစ်ခဲ့တယ်**
**ဒီထမင်းအသိုးများပဲ**

mgyoe.com

mgyoe.com SAMPLE BOOK

ချဉ်ခြင်းပြင်းစွာ ဖြစ်မိပါသတဲ့
အဆွေခင်ပွန်းကောင်း ညနေရေ တဲ့ ။

ကိုမိုဃ်းဇော်က ...
မျှော်လင့်ချက်တစ်ခုလုံး
နေလုံးကြီးပေါ်မေးတင်
တောင်တန်းများတစ်ခွင် နေဝင်ချိန်
အိမ်ပြန်ဖို့စိုးရိမ်နေသလား အချစ်

ဆရာပိုင်စိုးဝေက ...
ဆက်ထိုင်နေရ ကောင်းမလား စဉ်းစားရင်း ထရပ်မိ
ထွက်သွားရကောင်းမလား စဉ်းစားရင်းပြန်ထိုင်
ဩော် မစိမ်းမြ မစိမ်းမြ တဲ့ ။

ကိုလှသန်းက
လူ့ဘဝဆိုတာ
ကျောပေါ်မှာ အထုတ်တွေ ဘယ်လောက်များများ
လမ်းကြမ်းကြမ်းမှာ မိကျောင်းတွားပဲ သွားရ သွားရ
ဟောဒီညနေ လှလှလို
အမိပ္ပာယ်လှလှတွေ ရှိပါတယ် တဲ့ ။

ဦးချိမ့်ကတော့ ...
ဟောဟိုက ဗာဒံရွက် ကြွေကျပုံက
လမ်းခုလတ်ရောက်မှ တစ်စုံတစ်ရာကို
အမှတ်ရကာ တန့်ခနဲရပ်
ရထားတစ်စီးထွက်ခွါသွားပေါ့ ဆိုတဲ့ ကျေးဇူးတရား ။

mgyoe.com

mgyoe.com
SAMPLE BOOK


မောင်သိန်းဇော်ကလည်း ...
**ဝေးနေသမျှ အချစ်ရေ တရွေ့ရွေ့ညနေတွေ စိတ်မရှည်တော့ဘူး တဲ့ ။**

ညနေခင်းတွေဟာ ကျေးဇူးတင်စွာဖြင့် ကဗျာတွေစာတွေ သီချင်းတွေ ရှိနေ၊ လူတစ်ယောက် လမ်းဘက်ငေးနေ၊ လူတစ်ယောက် မြစ်ကမ်းဘေး ထိုင်နေ၊ လူတစ်ယောက် ခြေဦးတည့်ရာ သွားနေ၊ လူတစ်ယောက်စွန်လွှတ်နေ လူတစ်ယောက် ငါးမျှားနေ လူတစ်ယောက် တိုက်ပွဲဝင်နေ၊ လူတစ်ယောက်ကျဆုံးနေ ညနေခင်းရဲ့ လေပြည်ထဲမှာပဲ ဖြစ်ဖြစ် အစိမ်းသက်သက် ဖြစ်ဖြစ် ချစ်သူညနေ ကိုယ့်ညနေတွေထဲ ကျွန်တော် စိတ်ထဲ စွဲနေတဲ့ ကဗျာတစ်ပုဒ် ရှိပါတယ်။ "ချစ်သူ" တဲ့ ရေးဖွဲ့သူကတော့ ဆရာသုခမိန်လှိုင် ။

**ချစ်သူ**
(သုခမိန်လှိုင်)

တို့အိမ်ခေါင်မိုးတွေအပေါ်
ဆေးရောင်စုံ တောင်တန်းများ
လှည့်စားတဲ့ ညနေ။

"ရေ" လို့ ငါမှားခဲ့တဲ့ "မီး"
သင်္ကေတတွေနဲ့ ကမ္ဘာ
အရာရာ စိတ်လျော့ဖို့ ပြုပြင်ရ ။

သိခဲ့ပါပြီလေ
ရက်စက်ခြင်းမှာ ခေါင်းထိုးယူတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ငါ့ဘောလုံးဟာ
စွန့်စားခြင်း မကြီးမား
ငါ့ မနေနိုင်မှု တစ်ခုသာ ။

၂ ဒီဇင်ဘာ ၂၀၂၃

mgyoe.com

mgyoe.com
SAMPLE BOOK


## Good Night

ခရစ်တော်၏ နောက်ဆုံးညစာလို အောင်လင်းရဲ့ ညပေါင်းငါးရာကို ဖတ်ခဲ့ရတယ်။

ည ၊ သဇင်ည လွမ်းရတဲ့ညတွေ လွန်ပါစေဆိုတဲ့ ည ၊ သတ်ပုံမှားတဲ့ ည ၊ ရှားဖဲလေးတစ်ချပ် တခြားတစ်ယောက်ထဲပါတာလည်း မသိလိုက်တဲ့ ည ၊ မေမြို့ည ၊ ကြယ်ကြွေချိန်ညလေး တစ်ည ၊ ညကောင်းကင်ရဲ့ တေးသမား ခင်ဝမ်းည ၊ ဒီည အိပ်မရတဲ့ည ၊ မင်းည ဖြစ်ပါစေ။

**ညညအိပ်မပျော်ဘူးအမေ**
**တံခါးခေါက်သံကြားကြားနေတယ်**
**သေသူလားရှင်သူတွေလားဟင်။**
**(အောင်ချိမ့် ၊ လေလွင့်ငှက်ခြေရာ ကဗျာမှ)**

ည ၊ ကားမရှိတဲ့ည ၊ ည ၊ ရိုးရိုးလေးနဲ့လှနေတာ ခေါင်းဖြီးမထားဘူးဆိုတဲ့ည ၊ နောက်ဘဝပေါင်းများစွာမှာ ညမဖြစ်ချင်တော့တာ သေချာကြောင်း သက်သေပြလိုက်တဲ့ည ဆေးစစ်ခံရတဲ့ည ။ ညတွေဟာ နာရီသံချောင်းခေါက်သံနဲ့အတူ ရောက်လာ မီးရထားခုတ်မောင်းသံနဲ့ အတူ

mgyoe.com

mgyoe.com SAMPLE BOOK

ပျောက်သွား ကဗျာသီချင်းတွေ ကြယ်တွေ ညမွှေးပန်းတွေ ဖြစ်သွား ကြတယ်။

ည ၊ ရင်ပူရေဆာည ၊ ညထဲ ရေစီးသံတွေတော့ ကြားနေရသေး အိပ်မက် တွင်းနက်နေသေး ၊ ဆောင်းဆိုပေမယ့် အိပ်မက်မပြောင်းသော ဆောင်းအိပ်မက်မှာ ကိုယ်တို့အကြောင်းတွေနဲ့မှ ဒီဆောင်းတစ်ည နွေ တစ်ည နွေနွမ်းညလည်း ဖြစ်နေသေးရဲ့ ။

ည ။

ညဆို လျှောက်လို့သာ လည်ချင်ဆိုလည်း မင်းအခန်းမင်းပြန်ဦး ဒီည ၊ ည ၊ ဒီဇင်ဘာည ၊ ဒီညမှာ မောင်ချောနွယ်ရဲ့ ညဟာ ညက ညကို နှုတ်ဆက်ပြီး နိုက်ကလပ်ကိုထွက်သွားပြီ ညချင်းထပ်ခဲ့လို့ အသည်း နှလုံးထဲကို အလည်ထွက်မိသူဟာ ကိုယ်တို့ပါလားလို့ ရုပ်ရှင်ပြီးတဲ့အထိ ခံစားနေရပြီး အိပ်မက်က လန့်နိုးတဲ့အခါ ကဗျာတစ်ပုဒ်ထပ်ရောက်လာ ဆရာမောင်အောင်ပွင့်ရဲ့ ရင်ပူညကို သတိရသွားတယ်။

"ဟောဒီမောင်အောင်ပွင့်ဟာ
စက္ကူသားလို
ပြားချပ် ပျော့ဖပ်သွားရင်တောင်
လသာသာမှာ ဖြန့်ခင်း
ဘောလုံးလို ပြည့်တင်းနေအောင်
လရောင်ကို စုထုပ်
ဝီဘီမှောင်ကြီး ကျနေတဲ့
ပုရွက်ဆိတ် တွင်းတွေထဲ
လရောင်ကို ကဲ့ကဲ့
ထည့်ထည့် ပေးချင်တယ်" တဲ့

လာတယ် ။

mgyoe.com

mgyoe.com SAMPLE BOOK


လရောင်ကို ပုရွက်ဆိတ်တွင်းတွေထဲ ကဲ့ကဲထည့်ထည့်ပေးချင်တာကို လုတယ်လို့ ခံစားမိတော့မှပဲ ငါးရိုးနင်တဲ့ ငွေလမင်းထက် ကုက္ကိုရွက်လေးတစ်ရွက် စာလောက် ဖြတ်ဝဲနှုတ်ဆက်ခဲ့ပါ အရိပ်အေးရယ် ဆိုတာက ကျွန်တော့အသည်းထဲ ပိုစွဲမြဲနေတယ်ဆိုတာ ပြန်တွေ့ရ။

ဆရာမောင်အောင်ပွင့်နဲ့ပက်သက်ပြီး ကျွန်တော်မကြာခန အမှတ်ရရနေမိတာလေးတစ်ခုကို အခုနေအခါမှာ သတိတရ ပြန်ပြောချင်လာတယ်။

တစ်ခါက ဟိုးနှစ်များစွာက လွန်ခဲ့တဲ့ နှစ်ဆယ့်တစ်နှစ်က ကောင်း-ကင်တော်တမ်းချင်းတုန်းက ကျွန်တော်ပုသိမ်သွားသွားနေတတ်တုန်းက ဆရာအပြင်မှာ မရှိပေမယ့် ဆရာကတော်စာအုပ်ဆိုင်လေးနဲ့ ကျန်ရှိတယ်ဆိုပြီး သူငယ်ချင်းတစ်ယောက်က ပုသိမ်ကမ်းနားလမ်းအတိုင်း အလည်လိုက်ပို့တော့ ဆရာကတော်ကပြောတယ် မင်းတို့ဆရာဆီက မနေ့ကပဲ ထောင်ဝင်စာသွားတွေ့ပြီးပြန်ရောက်တာတဲ့၊ အထဲမှာ စာရွက်အပိုင်းလေးတွေရသလောက်နဲ့ ကဗျာတွေရေးထားတယ်တဲ့။ ပြီးတော့ စိတ်မကောင်းဘူးတဲ့၊ မိုးဦးလေဦးဆိုပေမယ့် နွေတုန်းက သရက်ကင်းတွေ မဖြစ်ထွန်းခဲ့လို့ ဒီနှစ် သရက်သီးတွေ ဝယ်မရလို့တဲ့၊ ဦးပွင့်သိပ်ကြိုက်တဲ့ သရက်သီးတွေ ဒီတစ်ခေါက် မထည့်ပေးလိုက်နိုင်လို့ ဆရာကတော်က စိတ်မကောင်းဖြစ်နေတာ။ ဆရာက ပြုံးပြီး ပြောတယ်တဲ့၊ ရတယ် ဘာမှ မဖြစ်ဘူးတဲ့။ သရက်သီးဆိုတာ ဒီတစ်နှစ်တည်းသီးတာ မဟုတ်ဘူးတဲ့။ ဪ သရက်သီးဆိုတာ ဒီတစ်နှစ်တည်းသီးတာ မဟုတ်ဘူးလို့ နှစ်စဉ်ဝင်းမှည့်ခဲ့ ကဗျာစာဆိုတစ်ယောက်

“ကျွန်တော့်ကလေးတွေကို
ငယ်ငယ်ထဲက ကစားစရာဝယ်ပေးရင်
တခြားဟာပဲ ဝယ်ပေးတယ်
သေနတ် ဝယ်မပေးဘူး” ဆိုတဲ့ ဆရာမောင်အောင်ပွင့်တစ်ယောက်

mgyoe.com

mgyoe.com SAMPLE BOOK

နွေဦးရောက်လို့ ဒီတစ်နှစ်တော့ ဦးပွင့်ရဲ့ သရက်ကင်းတွေ ဖြစ်ထွန်းခဲ့ပြီလေ။ ။

ဒီဇင်ဘာ၂၀၂၃

mgyoe.com

mgyoe.com SAMPLE BOOK


# Good Night

## ရန်ကုန်

မိတ်ဆွေတွေ ပျောက်ဆုံးသွားခဲ့တဲ့ ရန်ကုန် ။

သင်က
လူသူလေးပါး ခြောက်ကပ်သွားတဲ့ လမ်းမ ။
သင်က
အရေးပေါ်လူနာတင်ယာဉ်တွေရဲ့
ဒေါသနဲ့ ဥဩဆွဲသံ ။
သင်က
သံသယမျက်လုံးတွေ ၊ ကြောက်စိတ်တွေနဲ့
ချောင်းကြည့်ခံရတဲ့ ပြတင်းပေါက် ။
သင်က
ပန်းပွင့်တွေသာ ရှိပြီး
ကလေးတွေ မရှိတော့တဲ့ ပန်းခြံ ။
ပြီးတော့ သင်က
တစ်ဖက်မှာ လက်မကလေးကို ထောင်ပြပြီး
တစ်ဖက်မှာ မျက်ရည်တွေစီးကျနေတဲ့
နေ့စွဲတစ်ခု ။ ။

(မိုးဃ်းဇော်)

mgyoe.com

mgyoe.com
SAMPLE BOOK

မနက်ဖြန် စစ်အာဏာသိမ်းတော့မယ်ဆိုတာ မသိဘဲ ဇန်နဝါရီ ၃၁ရက်နေ့က ယုဇနထဲ ကျွန်တော်တို့ ကိုဒီတို့ ဆုံကြ၊ ကိုမိုယ်းဇော် လည်း ရောက်လာတယ်။ မိုယ်းဇော်အလို မရှိ ပြီးတဲ့နောက် ကျော်မွေး စာအုပ်တိုက်နဲ့ ကိုမိုယ်းဇော်နဲ့ ကဗျာတစ်အုပ် ထပ်လုပ်ကြရအောင် စကားဆိုခဲ့မိကြလို့ စစ်အာဏာသိမ်းပြီးနောက် ဖေဖော်ဝါရီ ဆန္ဒပြပွဲတွေ ထဲ ကိုမိုယ်းဇော်ရောက်လာ ကဗျာစာအုပ်ငယ်တစ်အုပ်စာ ဗလာစာအုပ် ထဲ ကဗျာတွေ ကူးရေးလာပေးတယ်။ အခုကာလထဲ ကျော်မွေးက စာအုပ်တွေ ဆက်ထုတ်ဝေနေဖို့ ဆန္ဒမရှိသေးပေမယ့်လည်း ကျွန်တော် လည်း တစ်နေ့ ဆိုပြီး ယူထားလိုက်ရတော့တယ်။

အဲဒီတစ်နေ့ဟာ ဇန်နဝါရီ တစ်ရက်ဖြစ်မလား၊ သူ့လက်ရေး အတိုင်း ပုံနှိပ်ဖို့ ကျော်မွေးကို အခြားစာအုပ်တွေနဲ့ ပြန်မစသေးဘဲ ဗန်းမော်တင်အောင်နှစ်များကို ကျွန်တော်စတင်မိလိုက်တော့တယ်၊ နှစ် ဆန်းမှာ အဲဒီလို ပုံနှိပ်ဖို့ အောင်ချိမ့်လက်ရေးကဗျာတစ်အုပ်လည်း စီစဥ်ထားသေးတယ်။ အဲဒီလက်ရေး ကဗျာစာအုပ်လေးနှစ်အုပ် ထွက် လာရင်တော့ စာအုပ်တွေ လုပ်နေရင်းတန်းလန်း တစ်နေရာရာမှာ အကြောင်းကြောင်းကြောင့် ရပ်ရင်ရပ်ထားရလိမ့်မယ်၊ စာအုပ်ဖြစ်စဥ်က တော့ သူ့ဘာသာအဆင့်ဆင့် သွားနေမယ် ၊ ကျော်မွေးက စာအုပ်တွေ ရောင်းရရ မရောင်းရရ အလုပ်တွေ ပုံမှန် ပြန်စနေမယ်။

ဒါနဲ့စကားမစပ် ကျော်မွေးက ကဗျာစာအုပ်တွေ ထုတ်ရတဲ့အထဲ ကြည်မောင်သန်းကဗျာ၁၀၀နဲ့ သုခမိန်လှိုင် ဘဏ်ဓားပြကို ဂုဏ်လည်း ယူ အားလည်းရ၊ ကိုလှသန်း ကဗျာ၁၀၀ဆို မင်္ဂဇင်းကနေ ကဗျာတွေကို တစ်ပုဒ်ချင်း ဖြယူလာပေးတာ ၊ မင်းကိုယုံလို့တဲ့ တစ်ခုခုဆိုရင်တော့ သွားပြီတဲ့ ၊ အဲဒါနဲ့ကျွန်တော်လည်း စာမစီခင် မိတ္တူတစ်စုံဆွဲထား ရတယ် ၊ စာပေစိစစ်ရေးခေတ်ထဲ ကြည်မောင်သန်းလို့ နာမည်တစ်ခု ပြီးတစ်ခု အမည်ပြောင်းထားရတဲ့ ကိုလှသန်းရဲ့ပထမဆုံးကဗျာစာအုပ်မို့ မတော်တဆ ပျောက်သွားရင် တစ်ခုခုဖြစ်ခဲ့ရင် ပြန်လုပ်လို့ရအောင်

mgyoe.com

mgyoe.com SAMPLE BOOK


အခြားနာမည်တစ်ခုနဲ့ အပိုတစ်စုံ ဆောင်ထားရတယ်။ ဒီတစ်ခါလည်း ကြည်မောင်သန်းနဲ့ မရတော့ပြန်ရင် အခြားနာမည်တစ်ခုနဲ့ ဆက်သွားလို့ရအောင် အသင့်ဆောင်ထားတဲ့ ကလောင်အမည်က "သဗ္ဗော" တဲ့။ ပါဠိလိုတဲ့။ ဒါပေမယ့် သဗ္ဗောလို့ အမည်မပြောင်းလိုက်ရပါဘူး။ ကြည်မောင်သန်းနဲ့ပဲ အတည်ဖြစ်သွား၊ ကဗျာ၁၀၀နှင့် ကဗျာဆရာ ကွယ်လွန်ခြင်း ပြီးတဲ့နောက် သက်ငါးဆယ်ပြည့်အမှတ်တရ ကဗျာ၅၀ ကဗျာစာအုပ် ကျော်မွေးက စီစဥ်နေရင်းမှာပဲ ကိုလှသန်း ကွယ်လွန်သွားတယ်။ ဦးလှိုင် ဘဏ်စာပြေလည်း အဲဒီလိုပဲ မဂ္ဂဇင်းကနေ ရှုံးမတင်ခင် စာအုပ်အစဥ်အတိုင်း ကဗျာတွေ မိတ္တူကူးယူထားခဲ့ပြီး တာတွေကို အခန်းခွဲ အမှာစာရေး တစ်ခါတည်း စလည်ဆုံး စဥ်ပေးပြီး ပရူပြန်လာပေးဖတ်စေပြီးမှ လက်လွှတ်တာ။ အခုတစ်ခါ ကိုမိုဃ်းဇော်လည်း အဲဒီအရသာရတယ်၊ တစ်အုပ်စာသေချာစဥ်ထားပြီးမှ ဗလာစာအုပ်ထဲ လက်ရေးနဲ့ အစအဆုံး ကူးပေးလိုက်တယ်။ ကျွန်တော်လည်း အဲဒီသေသပ်မှုကို ဆွဲဆောင်မှု တစ်ခုအနေနဲ့ ကဗျာတွေကို စာပြန်မစီတော့ပဲ ကဗျာဆရာလက်ရေး အတိုင်း ပုံနှိပ်ထုတ်ဝေလိုက်တော့တယ် ။

ဒီဇင်ဘာ၁၂၀၁၂

ကဗျာမှတ်စုများ

mgyoe.com

mgyoe.com SAMPLE BOOK

## Good Night

ဟိုတုန်းကလည်း ဟိုတုန်းက ကဗျာတွေ စာအုပ်တွေ ရုပ်ရှင်တွေ သီချင်းတွေ။ အခုလည်း အခုစာအုပ်တွေ ကဗျာတွေ သီချင်းတွေ ရုပ်ရှင်တွေ အသက်ရှင်ခြင်းတရားလို နေထိုင်ခဲ့ ခရီးလမ်းတွေသွားခဲ့ ဘဝတစ်လျှောက်လုံး ကျေးဇူးတရားလို သယ်ဆောင်ခဲ့။ ကိုယ့်ကိုယ်ကိုယ်သာ ခရီးလမ်းတစ်နေရာ မေ့ကျန်ရင် မေ့ကျန်ခဲ့မယ် ကိုယ့်နှလုံးသားကို အဝေးတစ်နေရာထားခဲ့သလိုလို ကျအက်ကွဲကြေမှာစိုးလို့ သဖန်းပင်မှာ ချိတ်ဆွဲထားတယ် ပြောလိုက်ရပေမယ့် စာတွေ့သမား အဖြစ်နဲ့သာ ကဗျာဆန်သောရုပ်ပြဇာတ်လမ်းမှာ တကယ့်ဘဝထဲက မိချောင်းနဲ့မျောက်ကို ပုံပြင်အဖြစ်သာ ချန်ထားခဲ့ ၊ အမှန်က အသည်းနှလုံးဟာ သူ့နေရာနဲ့သူ ရှိပါတယ် ။ ကိုယ့်အကြောင်းကိုယ်ပြန်ပြောတဲ့ မြစ်ဟာ မိကျောင်းမျက်ရည်လို့ အမည်ရပါတယ် ။

ဒါပေမယ့်ဘဝဟာ ကိုယ့်အကြောင်းနဲ့ကိုယ်မရ မလွှဲမရှောင်သာ ကိုယ့်အကြောင်းထက် ပိုလာရတဲ့အခါ ချစ်ခြင်းဖြင့်သာ ကျွန်တော် အမှာစာတွေ ရေးဖြစ်ခဲ့တယ် ၊ ဟိုတုန်းကလည်း ဟိုတုန်းက အခုလည်းအခု ကြားကာလအပိုင်းအခြားတွေထဲမှာလည်း အရာရာ ကဗျာနဲ့ ဆက်နွယ်မှုတွေပဲ ၊ အခုလည်း လာပြန်ပြီ ကဗျာဆရာ ၊ ကဗျာ ။ ကြားလည်း မကြားဖူး ကိုယ့်ဘာသာဆိုရင်လည်း ဖတ်ဖြစ်မှာ မဟုတ်ဘူး ဆိုပေမယ့် ကိုယ့်ဆီရောက်လာတဲ့ကဗျာကို ငြင်းမရ ၊ ဘယ်သူတွေ ဘာရေးလဲဆိုတာ အခွင့်ကြုံလာရင် ဖတ်ရတာ ကဗျာဆိုင်ရာ သဘောတရားမှာ ကဗျာဆရာသူ့အလိုလို ပါဝင်ပြီးသားဖြစ်နေတာ သိကြမှာပါ ။

mgyoe.com

mgyoe.com SAMPLE BOOK


ဘယ်ခေတ်အခါ ဘယ်အခြေအနေမှာမဆို ကဗျာကိုတားမရပေမယ့် အခုကာလထဲ ကဗျာစာအုပ်အဖြစ်သွား နေတာကို စဉ်းစားဦးလို့ ပြော ကြည့်ပေမယ့် ကဗျာဆရာက ဘာဖြစ်ဖြစ် လက်မှတ်ဖြတ်ပြီးပြီဆိုတော့ သူ့ရထား နောက်မကျခင် ကျွန်တော်ကလည်း အခုအမှာစာယူလာသူကို ရှင်းပစ်လိုက်ပါလို့သာ ရေးပေးဖို့ ရှိတော့တယ်။ ချစ်ခြင်းများစွာဖြင့် ကဗျာဆရာ။

ပန်းခင်းဈေးရောက်တော့လည်း ရန်အဆင်းမှာ လေထဲမြောက် မနက်ဖြန်ဟာ မဝေးလောက်ပါဘူးလို့ တစ်ယောက်ကိုတစ်ယောက် ဖေးမ။ လူဟာ အဝေးက လပြည့်ညကို တွေးဆကြည့်မိပြန်တာပါပဲ။ ဒါဟာ ကျွန်တော့အမှာပါပဲ။ ကဗျာနဲ့တွေ့ရတဲ့အခါ ဘယ်သူမဆို စိတ် နှလုံး ပျော့ပြောင်းသွားရသလို ကျွန်တော် အမှာစာ ရေးရတဲ့ အကြောင်း ပါပဲ ။

အမှာစာ ၊ နှလုံးသားဟာ သူ့နေရာနဲ့သူ ရှိသလို အမှာစာဟာ သူ့ နေရာနဲ့သူ ရှိရပါတယ် ၊ နေရာအမှန်မှာ ရှိရပါတယ် ။ စဉ်းစားတွေးခေါ် စရာမလို ဘာမှ မလိုရင်လည်း ရပါတယ် ။ ကိုယ့်လမ်းကိုယ်သွားနိုင်ခဲ့ပြီး ကိုယ့်ဘာသာလည်း ရောက်နိုင်ခဲ့ရင်တော့ ရတာပေါ့ ၊ လမ်းတစ်ဝက် ပျက်ကျလည်း လှတာပေါ့ ။ နှလုံးသားဟာ နေရာအမှန်ဟာရှိခဲ့ပြီး အလွမ်းအဆွေးဟာ သူ့လူနဲ့သူ ရှိပါတယ် ။ ဒီလိုပဲ တစ်နေ့မှာ ကဗျာတွေ ရောက်လာတတ်ပါတယ် ။ ကဗျာတွေဟာ ကဗျာဆရာကို အမှာကို အခြားသူရဲ့စကားကို ဘယ်နေရာက ပါဝင်စေချင်ရတာလဲ ။ ဘာကြောင့် လဲလို့ ကျွန်တော်မေးခဲ့ပါသေးတယ် ။ ကဗျာတွေဟာ ဒီလိုအစပြုလာ တစ်ကိုယ်ရည်ဆိုလည်း သူ့ဝန်းကျင်ထဲ သူ့အနေအထားနဲ့သူ ဖြစ်တည်မှု ပြုလာ ရှေ့ဆက် ဖြစ်လာ မဖြစ်လာဆိုတာ ဘယ်သူမှ မသိသေးဘဲ ဘယ် နေရာက ဘယ်လို ကဗျာမှာ ဘာတွေလိုနေသေးတယ်ဆိုတာ သူ့ ဘာသာမရိပ်မိသေးပဲ ကျွန်တော်ကဘာလို့ ပြောရမှာလဲ ။ သူ့ကဗျာထဲ မှာ ဒါတွေတွေ့ခဲ့ရပြီးပါပြီ ။

mgyoe.com

mgyoe.com SAMPLE BOOK

"ဒါဟာ
ကဗျာတစ်ပုဒ်ထက်
ပိုပါလိမ့်မယ်" တဲ့

"နှင့်ဆီကို
မပို့ဖြစ်တဲ့ စာတွေပါပဲ
ဖျက်လိုက်တာ ပိုကောင်းမှာပါ" တဲ့

သူ့ကို အားပေးမယ့်လူရှိတယ်ဆိုရင် ပြီးပါပြီ။ လွင့်မျောအပိုင်းအစများထဲက ကဗျာဆရာ။ နောက်တစ်ခါ ကဗျာအဖြစ်ရှိနေသေးလို့ ဒီကမ္ဘာထဲ နောက်တစ်ခါ ပြန်လာဦးမယ်ဆိုရင် မနီးမဝေး တစ်နေရာက ကျွန်တော်လည်း တွေ့ချင်ပါသည်။ ။

၄အောက်တိုဘာ ၂၀၂၃

mgyoe.com

mgyoe.com SAMPLE BOOK


# Good Night

တိုက်တန်းနှစ်ကိုရှာဖို့ နောက်ထပ် တိုက်တန်းနှစ်တစ်စီးပဲ လိုတယ်။ ရေခဲတောင်တွေ အရည်ပျော်မကျလာခင် ဟဲမင်းဝေးမြင်ခဲ့တဲ့ နှင်းခဲကျားသစ်ကို ဝီစကီနဲ့ မြည်းပစ်ဖို့ပဲ။ ဒီမှာ ကျေးငှက်တေးသံ နှလုံးသားထဲ လွင့်မျောနေတဲ့အလံ ကျည်ဆံတွေနဲ့ လာလာမကြဲစည်ပါနဲ့လို့ ဇင်ဆရာက ပြောတယ်။ ဘာမှ မရှိတော့တဲ့ကြားထဲက ဘဝတစ်ခု လျှော့ကျ မပြီးဆုံးပေမယ့် အရာရာတစ်စတစ်စ ပျောက်ဆုံးခဲ့ပြီ။ ကျွန်တော်ဖတ်နေတာ ဂျပန်လူမျိုးတို့ သေခါနီး၌ ရေးဖွဲ့သောကဗျာများ။

“ရေထဲက လ
ကျွမ်းထိုးပ
ပြီး ၊ အဝေးသို့ စီး” တဲ့။

သေခါနီးမှာလည်း ကဗျာပဲဆိုလို့ ကျွန်တော်ဖျားသွားတယ်။ ကျွန်တော်က ဟိုက္ကူကဗျာခရီးသည်နဲ့ မင်းဒုက္ခနဲ့ မင်းလောက်ပဲ သိထားတာ။ တစ်နေ့မှာ ဗရှိုးထံ ဇင်ဆရာရောက်လာတယ်။ ဗရှိုးကဗျာ ရသွားတယ်။ အိုင်အိုကြီးပါလား ဖားလေးတစ်ကောင်ခုန်ဆင်းသွား ပလုံမြည်သံကြား။ ကျွန်တော်ဟာ မီးစက်အော်သံတွေပဲ ကြားနေရတယ်၊ စစ်မဖြစ်ခင်က မြို့ပြတိုက်ပွဲ အင်ဂျင်စက်၏ ရန်းကန်သံ။ ကျွန်တော်တို့

mgyoe.com

mgyoe.com SAMPLE BOOK

ကဗျာစလေ့လာတော့ "ဆူးစူး၍လျှင် / အပ်နဲ့ထွင်သည် / အသင်ဘာပြောလိုသနည်း" တဲ့ ၁၉၆၈ ထင်းရှူးပင်ရိပ်နဲ့ တစ်နှစ်တည်း ဆရာမောင်သာရရဲ့ တော်လှန်ရေးဟာ ၁၉၉၀ကျော် စာမျက်နှာပေါ် ပြန်လည်ဖော်ပြ နောက်တစ်ခေါက် ပြန်ရောက်နေပြီ။ အဲဒီကာလထဲမှာပဲ ဖတ်ခဲ့ရတဲ့ သုံးကြောင်း ကဗျာလေး တစ်ပုဒ်နှစ်ပုဒ် ရေးသူမေ့သွားပေမယ့် သုံးကြောင်းကဗျာအသွားလေးနဲ့မို့ စိတ်ထဲစွဲသွားပြီး သတိရရနေမိလို့ သုံးလေးငါးနှစ်တစ်ခါလောက် စိတ်ထင်တဲ့ မဂ္ဂဇင်းတွေ ပြန်ရှာဖတ်ပေမယ့် ပြန်မတွေ့။

တစ်ပုဒ်က ...

"လှူရမ်းကား
လမ်းသွားရင်း ခဲပစ်
ရေချမ်းစင်က ရေအိုးစင်လေး
ကွဲကျ ကျန်ရစ်"

နောက်တစ်ပုဒ်က ...

"မနက်ဖန်အတွက်ကို
တောင့်တငို
ခုကို ဘာမှ မရှိသေး" တဲ့ ။

ဟိုက ဒီက တစ်ပိုင်းတစ်စဖတ်ရရုံနဲ့ ရှူးရတဲ့ မောင်ချောနွယ်ရဲ့ ဘုရားသခင်နှင့် တီတူးသူများအကြောင်းလို ၊ နှစ်သုံးလေးဆယ်အကြာက အောင်ချိမ့်ရဲ့ ကြမ်းခင်း ကဗျာရှည်လို အပြည့်အစုံမဖတ်ဖူးလို့ ဘဝအလိုဆန္ဒမပြည့်ရတဲ့အထဲမှာ ဒီကဗျာနှစ်ပုဒ်လည်း ပါနေသလို

mgyoe.com

mgyoe.com
SAMPLE BOOK


ရေးသူ မမှတ်မိဘဲ ခေတ်ကိုထင်ဟပ်ရမယ် သရုပ်မှန်ကဗျာကနေ အခု ခေတ်ပြိုင် အပြိုင်လောကထဲအထိ အထူးသဖြင့် အခုကာလထဲ အလွတ်ရရနေမိတဲ့ သုံးကြောင်းကဗျာနှစ်ပုဒ် ကဗျာဆရာကိုလည်း သိချင်မိရဲ့။ ။

ဒီဇင်ဘာ၂၀၂၃

mgyoe.com

mgyoe.com SAMPLE BOOK

# Good Night

## ချစ်ခြင်းမေတ္တာတရား ကဗျာတရား ကျေးဇူးတရားဖြင့်

(၁)

ကျွန်တော့်ရဲ့ တစ်ယောက်တည်းစကား ကဗျာစာအုပ်တုန်းက ဆရာနိုးဆီက အမှာစာရပြီး မိုးမမြင်လေမမြင်ဖြစ်ဖူးတယ် ၊ တစ်ခေတ်အတွက် တစ်ယောက်တည်းစကားတဲ့ ၊ လူငယ်တစ်ယောက်အတွက် တော်တော်များတာပဲ ၊ လမ်းမှာ ကိုအောင်ဘညိုနဲ့တွေ့တော့ သူလည်း လမ်းကို သတိနဲ့သွားနေရပြီး ဆရာ့ဆီက ကျွန်တော် အမှာစာရထားတာ တစ်နေရာက သိပုံရ စိုင်းဝင်းမြင့်ရေ ကားလမ်းတောင်ဖြတ်မကူးရဲဘူး တဲ့ ရယ်ပြောပြောတယ်၊ ဆရာမောင်သာနိုးက သူ့ရဲ့ နှင်းတွေကို ၂၁ရာစု ခေတ်ပြိုင်မြန်မာကဗျာအတွက် ဘာသာပြန်ထားလို့ သတဲ့၊ စာအုပ်ထဲ ဖော်ပြတာ မမြင်ရသေးခင် တခုခုဖြစ်မှာ စိုးသတဲ့လေ။ အရှိန်နဲ့သွားနေ တဲ့ လူငယ်တစ်ယောက်မှာ ဆရာနိုး တခုခု ရေးလိုက် ပြောလိုက်ရုံနဲ့ ဘာရေးရေး ကိုယ့်ကို သိတယ် မြင်တယ်ဆိုပြီး အားတွေရ ရှိ၊ မော်ဒန် ဗမာကဗျာရယ်လို့ မူးလို့မှ ရှုစရာ မရှိဆိုလည်း ကျွန်တော်တို့ခေတ်မှာ ပန်းသီးဟာ အပင်ကနေဝေးရာ ဝေးဝေးမကြွေနိုင်ပါဘူး ဆိုလည်း ထင်းရှူးသီးဟာ ဝေးဝေးကြွေသွား လွင့်သွား လမ်းပေါ် လိမ့်သွားပြီ၊ စာချုပ်ကို လက်မှတ်ထိုးတဲ့ လက်ဟာ မြို့ကို ဖျက်တယ်ဆိုလည်း ကဗျာမှာ တစ်ယောက်ရန့်ကို တစ်ယောက်ရပြီး အမူးပြေ ယစ်မူး မူးရစ် ခဲ့ပြီ။ ကျွန်တော့်ရဲ့ တစ်ယောက်တည်းစကား ကဗျာစာအုပ်ပြီးတော့

mgyoe.com

mgyoe.com SAMPLE BOOK


ကိုနေထက်နိုင်နဲ့အတူ ဆရာနိုးကို သွားကန်တော့ တော့ ကျွန်တော်တို့ ရပ်ကွက်ထဲ လူကြီးသူမ ဆရာသမားတွေ ဆုပေးသလို ကျန်းမာပါစေ ချမ်းသာပါစေ ဘေးအန္တရာယ်ကင်းပါစေ သက်တော်ရာကျော် ရှည်ပါစေ မဟုတ် ကဗျာဆရာအတွက် ကဗျာသမားတော်ရဲ့စကား 'ဒီထက်ကောင်းမွန်တဲ့ ကဗျာတွေ ရေးသားနိုင်ပါစေဗျား' တဲ့ ၊ ကျွန်တော်လည်း တစ်သက်မှ တစ်ခါ ဖျားနာသူတစ်ဦးရဲ့ နတ်ပေးတဲ့ အိပ်မက်မှာ အသည်းထဲစိမ့်အေး အဲဒီနှစ်များမှာ ကဗျာပေါ်မှာ နည်းနည်းလေးမှ ပေါ့ဆလို့မရအောင် ပေါ့ပါးခြင်းနှင့်အတူ တပြိုင်တည်းလေးနက် ကဗျာဟာ ငါ့အမေရဲ့အရင် ဘုရားသခင်ရဲ့အရင်လို့ ဆိုရလောက်အောင် ကဗျာရူးတစ်ယောက် နတ်ကိုင်ခံရ ရဲ့။

(၂)

ကိုလှသန်းရဲ့ ဈာပနမှာ ဆရာနိုး တက်ရောက်တော့ ဆရာနိုးအနားကလူတွေက ဆရာနိုးကို လက်တွဲခေါ်မယ်လုပ်တော့ ဆရာနိုးက လက်ကို ခါချတယ် ၊ ရတယ် ကျုပ်ဘာသာ လျှောက်နိုင်တယ်ဆိုတဲ့ သဘော ၊ ဖြည်းဖြည်းမှန်မှန် ခန်းမထဲဝင်သွားတယ်၊ အခေါင်းထဲ မထည့်ခင် အားလုံး ခန ငြိမ်သက် ဆိုတော့လည်း အများနည်းတူ ကိုယ့်ဘာသာ ထရပ် ခါးမတ်မတ်၊ တက်ရောက်ဂုဏ်ပြုရမယ့် ကဗျာဆရာတွေကို သိခဲ့တယ်။ ဦးချိမ့်တုန်းကလည်း ပန်းဖလက်အတွက် အမှတ်တရစကား ပြောခဲ့ပေးသေးတယ် ။

(၃)

ဒီလိုကဗျာမျိုးတွေကသာ ၂၁ ရာစု တံခါးကို ဆောင့်ကန် ဖွင့်နိုင်မှာ တဲ့။ ကဗျာဆရာသေရင် ကဗျာဆရာနဲ့အတူ မြေမြှုပ်ခံရမယ့် ကဗျာ တွေတဲ့။ ဘောင်းဘီဝတ်မိုးတိမ်ကနေ ဂန္ထဝင်မမ၊ ဂန္ထဝင်မမကနေ တဆင့်တက်လှမ်းရမယ့်လမ်းကို အောင်ချိမ့်ရွေးရတော့မယ်တဲ့။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါမျိုးဆို ကျူပ်က စောက်ဖက်ကို မလုပ်တာတဲ့။ လူရော ခွေးရော စစ်သားရောကြိုက်တယ်တဲ့ ။ ကာလီနတ်သမီးသို့ တမ်းချင်းတဲ့ ။ အာရှတိုက်ရဲ့ အလင်းရောင် ကဗျာစာအုပ်ပုံနှိပ်မှတ်တမ်းမှာ မျက်နှာဖုံးပန်းချီကမ္ဘာကျော်စိတ္တကဝိ ပေါ်ဦးသက်တဲ့ ။

(၄)

ကဗျာတွေနဲ့ပက်သက်တာတွေ ။

(၅)

သွားရှုပ်လို့ မရဘူး ။

(၆)

ကျွန်တော်တို့ အလှည့်ရောက်တော့ တောမှော်ရုံလမ်းဖြစ်နေပြီ၊ ဆရာနိုးက ထင်းရှူးပင်ရိပ် လက်ဝယ်ရှိသူဟာ ကမ္ဘာ့မြေပုံ တစ်ဝက်ကို ရ,ထားတာဖြစ်ပြီး အခု တောမှော်ရုံလမ်းနဲ့ စပ်ဆက်ဖတ်ရင် ကမ္ဘာ့နှလုံးသားတစ်ခုလုံးကို ရရှိမှာ ဖြစ်ကြောင်း ။

(၇)

ကျွန်တော်တို့ ဆူးလေလမ်းပေါ်ရောက်တော့ ဆရာနိုးက ပုဇွန်-တောင် ညောင်တန်း ရောက်နေပြီ ၊ မနက်စောစော မော်ထော်လေးလမ်းမှာ စာပြနေပြီ ၊ စာသင်သား မဟုတ်လည်း ဆရာနိုးကို မြင်ဖူးချင်လို့ သွားသွားကြည့်ဖူးသည်။ နောက်တော့ ဆရာနိုးတို့ ဒီဘက်ခေတ် ခရီးသွားပုံတွေ တွေ့ရသလို ဆရာနိုး ကျောက်ဆောက်စာအုပ်တွေ စာအုပ်ဆိုင်တွေဆီ ဆရာမ လာလာပို့တော့ ကားထဲစောင့်ကျန်နေခဲ့တဲ့ ဆရာနိုးကို မကြာခဏ တွေ့ရသည်။ ကျွန်တော်တို့ ဆရာနိုး အေးဆေးနားပါစေဆိုပြီး သွားမန္တတ်ဆက်ဖြစ်တော့။

mgyoe.com

mgyoe.com
SAMPLE BOOK


(၈)

နောက်တော့ ပုဇွန်တောင်တိုက်ခန်းက ဆရာနိုးဆီ အလည် ရောက်သွား၊ နံရံမှာ ပေါ်ဦးသက် ထန်းတက်ပန်းချီကားလေးကို ကြည့် ငေးမောခဲ့ရ၊ ပုဇွန်တောင်တိုက်ခန်းကနေ ကျွန်တော်တို့ ဆရာနိုး အနားယူရာ ရွှေပြည်သာ ကဗျာတဲနန်းဆီ ဆက်သွား၊ တဲလေးတွေမှာ ရှယ်လီတဲ့ ဒန်တီတဲ့ အမည်ပေးထား။

(၉)

ပုဇွန်တောင်ကနေ ပင်လုံထိပ်ထားစံအိမ်ပြောင်းတော့ အိမ်အလှ ဆင်ဖို့ ကျွန်တော်တို့ လိုက်သွားခဲ့ဖူးတယ် ဆရာနိုးက ပြတင်းပေါက်က ရွှေတိဂုံဘုရားကို ဖူးမြင်နေရတာကိုပြပြီး ဒီအစွန်ခန်းလေးကို စာကြည့် ခန်းထားမည် တဲ့။ စာကြည့်ခန်းထဲ အမြဲရှိနေတတ်တော့ ဘုရားကို လှမ်းလှမ်း အာရုံပြုလို့ရသည် တဲ့။ တိုက်ခန်းအလယ်ခေါင်လောက်မှာ လူတစ်ဖက်စာ ကွန်ကရစ်တိုင်လုံးကြီးရှိနေတော့ လက်နှစ်ဖက်ကို ဆန့် တန်းဝှေ့ယမ်းပြပြီး ဒီတိုင်ကြီးကို ဖြိုဖျက်လိုက်ချင်တာ ၊ အခန်းအလယ် မှာ ဒီတိုင်ကြီးရှိနေတာ စိတ်အနှောက်အယှက်ဖြစ်တယ် တဲ့၊ ဒါပေမဲ့ ဖြိုဖျက်လို့ ဘယ်ဖြစ်မလဲ။ မီးဖိုချောင်ဘက်ကို လိုက်ပြတော့ အုတ်စီ ထားတဲ့ မီးဖိုချောင်စင်ကို ကြွေပြားအပြည့်ခင်းချင်တယ် တဲ့၊ အနက် ရောင်ခင်းမယ် တဲ့၊ အဲ့ဒီအခါကျမှ ဆရာပြောသမျှ ပြုံးကြည့်နေတဲ့ ဆရာမဒေါ်ခင်လေးနွယ်က ဝင်ပြောတော့တယ်၊ အို အနက်ရောင်ကြီး မကောင်းပါဘူး၊ မီးဖိုချောင်ကို လင်းလင်းထင်းထင်းရှိတာလေး အဖြူ ရောင်လေးပဲခင်းပါ၊ မီးဖိုချောင်နဲ့အနက်နဲ့ မလိုက်ဖက်ပါဘူး၊ အဲ့ဒီအခါ ကျတော့လည်း ကျွန်ုပ်တို့ရဲ့ ဆရာနိုးက မင်းတို့ဆရာမပြောတဲ့အတိုင်း ခင်းပေးလိုက် ခင်းပေးလိုက် တဲ့၊ မခင်လေးနွယ်သဘော မခင်လေးနွယ် သဘောလို့ ပြောရှာတယ် ၊ ကျွန်တော်တို့လည်း ပြုံးရယ်မိတယ်။ အဲဒါကို ကျွန်တော်အမြဲ အမှတ်တရ ရှိနေမိခဲ့ပါတယ် ။

mgyoe.com